Funded by: UKaid

# အားလုံးအကျုံးဝင်သင်ကြားရေး အလေ့အကျင့်

## သင်တန်းဆရာလမ်းညွှန်



Source: VSO Image library

## သင်ရိုးပိုင်း ၁

Implemented by: British Council, The Open University, VSO, montrose

# အားလုံးအကျုံးဝင်သည့် ကျောင်း၊ စာသင်ခန်းနှင့် ဆရာ/မဟူသည် အဘယ်နည်း

## သင်ရိုးပိုင်း ၁ - အားလုံးအကျုံးဝင်သည့် ကျောင်း၊ စာသင်ခန်းနှင့် ဆရာ/မဟူသည် အဘယ်နည်း

### ၁. ခြုံငုံသုံးသပ်ချက်

အပြုသဘောဆောင်ကာ အားလုံးအကျုံးဝင်သည့် သင်ယူမှုဝန်းကျင်တစ်ရပ်ကို အားလုံးအတွက် မည်သို့ဖန်တီးနိုင်ကြောင်း ကြည့်ရှုသည့် **သင်ရိုးပိုင်း ၁၅ ခုမှ ပထမပိုင်း**ဖြစ်ပါသည်။ အားလုံးအကျုံးဝင်သည့် သင်ကြားရေး အလေ့အကျင့်မှ ၂၁-ရာစု ကျွမ်းကျင်မှုများဖြစ်သည့် ဝေဖန်ပိုင်းခြားတွေးခေါ်မှု၊ ဆက်သွယ်ရေး၊ ပူးပေါင်းဆောင်ရွက်မှုနှင့် ဖန်တီးနိုင်စွမ်းတို့ကို မည်ကဲ့သို့ အားပေး၊ ပျိုးထောင်၊ အသုံးပြုမည်ဖြစ်ကြောင်း တွေ့ရှိနိုင်ပါမည်။ မြန်မာနိုင်ငံတစ်ဝန်း ပညာရေးကောလိပ်များမှ ဦးဆောင်အဖွဲ့နှင့် ဆရာအတတ်သင် ဆရာ/မတို့အတွက် ဖော်ဆောင်ထားခြင်းဖြစ်ပါသည်။

| သင်ရိုးပိုင်း အမှတ် | သင်ရိုးပိုင်းခေါင်းစဉ် |
|---|---|
| ၁ | **အားလုံးအကျုံးဝင်သည့် ကျောင်း၊ စာသင်ခန်းနှင့် ဆရာ/မဟူသည် အဘယ်နည်း** |
| ၂ | သင်ယူသူများကိုသိရှိခြင်း |
| ၃ | အားလုံးအတွက် အကျုံးဝင်သည့် သင်ယူမှုရလဒ်များအတွက် အစီအစဉ်ရေးဆွဲခြင်း |
| ၄ | သင်ယူသူဗဟိုပြုချဉ်းကပ်နည်းများဖြင့် ပါဝင်ခြင်း |
| ၅ | အပြုသဘောဆောင်သည့် သင်ယူမှုဝန်းကျင်တစ်ရပ်ဖန်တီးခြင်း |
| ၆ | ထိရောက်စွာ မေးခွန်းများမေးခြင်းနှင့် ပြန်လည်သုံးသပ်မှုပေးခြင်း |
| ၇ | တက်ကြွစွာပါဝင်ခြင်း |

| | |
|---|---|
| ၈ | အချင်းချင်းထံမှသင်ယူခြင်း၊ ပါဝင်ကူညီမှုနှင့် ပူးပေါင်းဆောင်ရွက်မှုတို့ဖြင့်သင်ယူခြင်း |
| ၉ | ကျောင်းသူ/သားတို့၏ စိတ်ခံစားချက်နှင့် လူမှုကိစ္စတွင် သာစေမာစေရေး ပံ့ပိုးပေးခြင်း |
| ၁၀ | မြန်မာနိုင်ငံ အားလုံးအကျုံးဝင်မှုဆိုင်ရာ ဥပဒေမူဘောင်နှင့် မူဝါဒများကိုနားလည်ခြင်း |
| ၁၁ | တစ်ဦးချင်းစီ၏လိုအပ်ချက်များကို ဖြည့်ဆီးခြင်းဖြင့် ကျောင်းသူ/သားအားလုံးကို ပံ့ပိုးခြင်း |
| ၁၂ | ကျောင်းသူ/သားတို့ တွေ့ကြုံရသည့်အခက်အခဲများကို တိတိကျကျဖော်ထုတ်ခြင်း |
| ၁၃ | ကွဲပြားခြားနားမှုများရှိသော၊ မစွမ်းမသန်ဖြစ်သော သင်ယူသူများအားလုံးကို ပံ့ပိုးခြင်း |
| ၁၄ | အပြုသဘောဆောင်သည့်အမူအကျင့်ဖြစ်ထွန်းလာစေရန် ဆောင်ရွက်ခြင်း |
| ၁၅ | ကျောင်းသူ/သားများ သင်ယူမှု ပေါက်မြောက်ရေးအတွက် စစ်ဆေးအကဲဖြတ်ခြင်း |

## ၂. သင်ယူမှုဂျာနယ်

သင်ယူမှုဂျာနယ်ရှိကြောင်း၊ သင်ရိုးပိုင်းအတွင်း မည်သို့ရည်ရွယ် အသုံးပြုကြောင်း သင်တန်းသူ/သားအားလုံး သတိမူမိကြပါစေ။ သင်တန်းသူ/သားစာအုပ်မှ ဂျာနယ် အကောင်းဆုံးရေးနည်း အကြံပြုချက်ကို ထောက်ပြပါ။ လုပ်ဆောင်ချက်အဖြေအားလုံး ဂျာနယ်တွင်းရေးထားရပါမည်။ ပြန်လှန်သုံးသပ်မှုသည် သင်ကြားမှုဖြစ်စဉ်၏ အရေးပါသည့် အပိုင်းဖြစ်ကြောင်း၊ တစ်ခုချင်း လုပ်အပ်သည့် လုပ်ဆောင်ချက်ဖြစ်ကြောင်း သတိချပ်ပါ။ သင်ရိုးပိုင်း တစ်လျှောက်လေ့လာရင်း စိတ်ဝင်စားဖွယ် စကားလုံး၊ စကားစု၊ ဝေါဟာရသစ်များ မှတ်သားကြပါစေ။

## ၃. လေ့လာနည်းအကြံပြုချက်

သင်ရိုးပိုင်းကို မည်ကဲ့သို့ပြီးအောင်လုပ်ရမည်ဖြစ်ကြောင်း ရှင်းပြဖို့အရေးကြီးပါသည်။ သင်တန်းသူ/သားများမှ အချိန်ယူပြီး သင့်တော်သည့် အချိန်ဇယားတစ်ခုဆွဲကာ ဖြစ်နိုင်လျှင် လုပ်ဖော်ကိုင်ဖက်များနှင့် အဖြေတိုက်ရပါမည်။ တွေးတော/တွဲဖက်/ဝေမျှသည့် think / pair / share နည်းလမ်းက ပူးပေါင်း၍ အတွေးအမြင်ဖလှယ်ကာ မေးခွန်းမေးရန်၊ လုပ်ထားသည်များစစ်ဆေးရန်နှင့် တုံ့ပြန်ဖြေကြားရန်နည်းလမ်းကောင်းတစ်ခုဖြစ်ပါသည်။

## ၄. အားလုံးအကျုံးဝင် CPD သင်ရိုးပိုင်းမှ ကြိုဆိုပါ၏

သင်ရိုးပိုင်း ၁ ကို သင်တန်းသူ/သားများ မလုပ်မီ အားလုံးအကျုံးဝင်မှု အလေ့အကျင့်ကို မိမိတို့ ပညာရေးစနစ်အတွက် အရေးပါပုံကို ထောက်ပြသည့် ‘သင်တန်းခြုံငုံသုံးသပ်ချက်’ စာအုပ်ငယ်ကို ဦးစွာကြည့်ရန် လိုအပ်ပါသည်။ သင်ရိုးပိုင်းများတွင် ပညာရေး အခင်းအကျင်းအားလုံးတွင် ဆောင်ရွက်နေသည့် ပြုပြင်ပြောင်းလဲမှုကို ထင်ဟပ်သည့် - အားလုံးအကျုံးဝင်မှု၊ ကျား/မသာတူညီမျှမှုနှင့် ၂၁ ရာစုကျွမ်းကျင်မှု ဟူသော အဓိကအကြောင်းအရာ ၃ ခုပါရှိပါသည်။ ဤအကြောင်းအရာများသည် သင်ရိုးညွှန်းတမ်းနယ်ပယ်အားလုံးတွင် အဓိကကျပြီး မြန်မာ့ပညာရေးမျှော်မှန်းချက်နှင့် ရေရှည်တည်တံ့မည့် ဖွံ့ဖြိုးမှု အတွက်သာမက ကမ္ဘာ့အနာဂတ်အတွက်လည်း ပဓာန ကျလျက်ရှိပါသည်။

ဤသင်တန်းကို သင်တန်းသူ/သားများမှ သင်ကြားရေးဆိုင်ရာ၊ ကျောင်းသူ/သားများ၏သင်ယူမှုနှင့် ၎င်းတို့ကောလိပ် (သို့)ကျောင်းတို့၏ အကျုံးဝင်မှုအပေါ်သက်ရောက်မှုဆိုင်ရာ ၎င်းတို့၏ **ယုံကြည်ချက်နှင့် သဘောထားများ**ကို စိန်ခေါ်ခြင်းဖြင့်

စိတ်ဝင်တစား ပါဝင်ဆွေးနွေးနိုင်အောင် စီစဉ်ရေးဆွဲထားပါသည်။ သင်တန်းဆရာ/မတစ်ဦးအနေဖြင့် သင်ရိုးပိုင်းတစ်လျှောက် တက်ရာက်သူများ၏ ယုံကြည်ချက်နှင့် သဘောထားများကို စိန်ခေါ်နိုင်မည်ဟု မျှော်လင့်ပါသည်။

သင်တန်းဆရာ/မအနေဖြင့် သင်တန်းအတွင်း အားလုံးအကျုံးဝင်မှုဆိုင်ရာ သင်ကြားရေးနည်းစနစ် အတော်များများကို




ထည့်သွင်းအသုံးပြုရန်လည်း အရေးကြီးပါသည်။ တက်ရောက်သူများမှ ၎င်းတို့၏ စွမ်းရည်၊ စိတ်ဝင်စားမှုနှင့် ကျွမ်းကျင်မှုတို့ကို ထောက်လျက် ၎င်းတို့လုပ်နိုင်သည့် နှုန်းဖြင့် လုပ်ကြပါစေ။ ပထမဗီဒီယိုကို မိတ်ဆက်အနေဖြင့် ကြည့်ကြပါစေ။ [https://youtu.be/Un5msddQl6U](https://youtu.be/Un5msddQl6U)

သင်ရိုးပိုင်းများတွင် အပြုသဘောဆောင်သည့် သင်ယူမှုဝန်းကျင်များကို အားလုံးအတွက် မည်ကဲ့သို့ ဖန်တီးကြောင်း ကြည့်ကြပါမည်။ အားလုံးအကျုံးဝင် သင်ကြားမှု အလေ့အကျင့်ဖြင့် ကျား/မသာတူညီမျှမှုကို ပံ့ပိုးပုံ၊ ၂၁ ရာစုကျွမ်းကျင်မှုများဖြစ်သည့် ဝေဖန်ပိုင်းခြားတွေးခေါ်မှု၊ ဆက်သွယ်မှု၊ ပူးပေါင်းဆောင်ရွက်မှုနှင့် ဖန်တီးနိုင်စွမ်းတို့ကို အားပေးကြောင်း တွေ့ရပါမည်။ အောက်ပါသင်ရိုးပိုင်း တစ်ခုချင်း သင်တန်းသူ/သားများ မိမိတို့ကြိုက်သည့် အမြန်နှုန်းဖြင့် လုပ်နိုင်သည့် လုပ်ဆောင်ချက်အစဉ်များ ပါဝင်ပါသည်။ သင်ရိုးပိုင်းကိုလုပ်ပြီးလျှင် အဖြေမှန်ရွေးသည့် မေးခွန်းတစ်ခု ဖြေရပါမည်။

# ၅. သင်ရိုးပိုင်း ၁

## ၅.၁ သင်ယူမှုရလဒ်များ

**ဤသင်ရိုးပိုင်းကိုလေ့လာခြင်းဖြင့်အောက်ပါတို့ကို လုပ်ဆောင်နိုင်ပါမည်-**
**၁. အားလုံးအကျုံးဝင်မှု အခြေခံမှုများကို ရှင်းပြခြင်း**
**၂. အဘယ်ကြောင့်အားလုံးအကျုံးဝင်မှုအရေးကြီးကြောင်းဆွေးနွေးခြင်း**
**၃. အားလုံးအကျုံးဝင်သည့်ကျောင်းဖြစ်ပုံကိုရှင်းပြခြင်း**
**၄. အားလုံးအကျုံးဝင်သည့်စာသင်ခန်းဖြစ်ပုံကိုရှင်းပြခြင်း**
**၅. အားလုံးအကျုံးဝင်စေမည့် ဆရာ/မဖြစ်ပုံကိုရှင်းပြခြင်း**

ဤ**ပထမသင်ရိုးပိုင်းတွင် တက်ရောက်သူ**များအတွက် အားလုံးအကျုံးဝင်မှု၏ အဓိပ္ပါယ်၊ **အဘယ်ကြောင့် အကျုံးဝင်မှု**ကို လိုအပ်ကြောင်း၊ အားလုံးအကျုံးဝင်သည့် **ပညာရေးကျောင်းတစ်ကျောင်း**နှင့် **ဆရာ/မ**တစ်ဦး၏ **အင်္ဂါရပ်များ**အကြောင်း စဉ်စားကြမည်ဖြစ်ပါသည်။ သင်ရိုးပိုင်းရှိ လုပ်ဆောင်ချက်များလုပ်ရန် ၇ နာရီဝန်းကျင်ကြာမြင့်ပါမည်။ အားလုံး အကျုံးဝင်မှု၏ အခြေခံသဘောတရားများ၊ အားလုံးအကျုံးဝင်သည့်ကျောင်း၊ စာသင်ခန်းနှင့် သင်ကြားမည့် ဆရာ/မတို့၏ အင်္ဂါရပ်များအကြောင်း စဉ်းစားရာတွင် အထောက်အကူပြုပါမည်။

## ၅.၂ သင်ရိုးပိုင်း ၁ ရှိ လုပ်ဆောင်ချက်များအတွက် နောက်ထပ်ညွှန်ကြားချက်များ

| လုပ်ဆောင်ချက် | နောက်ထပ်စဉ်းစားဖွယ်အချက်များ |
|---|---|
| နိဒါန်း | ဖတ်ရှုရန်ပေးထားသော ကောက်နုတ်ချက်၏ မူရင်းအပြည့်အစုံကို သင်တန်းသူ/သားများအား **နောက်ဆက်တွဲ လုပ်ဆောင်ချက်အဖြစ်သာ** ဖတ်ကြပါစေ။ https://unesdoc.unesco.org/ark:/48223/pf0000137522_bur. |
| မိမိကိုယ်မိမိ စစ်ဆေးအကဲဖြတ်မှု - ၁ | အချို့သင်တန်းသူ/သားများအတွက် မိမိကိုယ်မိမိရိုးရိုးသားသား စစ်ဆေးအကဲဖြတ်ရန် အားပေးဖို့ လိုအပ်ပါမည်။ အားလုံးအကျုံးဝင်မှု အလေ့အကျင့် သင်ရိုးပိုင်း ၁၄-ခု၏ အစပိုင်းဖြစ်ကာ ၎င်းတို့၏ နားလည်မှုနှင့် ယုံကြည်မှုများ ကာလကြာမြင့်လာသည်နှင့် အမျှတိုးတက်လာမည် ဖြစ်ကြောင်း သိကြပါစေ။ ကိုယ်တိုင်စစ်ဆေးအကဲဖြတ်မှု ရလဒ်ကို သင်ရိုးပိုင်း ၁ အပြီး နောက်စစ်ဆေးမှုအကဲဖြတ်တစ်ခု၏ ရလဒ်နှင့် နှိုင်းယှဉ်ခြင်းဖြင့် သင်တန်းသူ/သားများက မိမိတို့ သင်ယူမှုတွင် နှိုင်းယှဉ်ခြင်း၊ ပြန်လည် သုံးသပ်ခြင်းများ ပြုလုပ်နိုင်မည် ဖြစ်ပါသည်။ |
| ၁.၁ အားလုံးအကျုံးဝင်မှုကို နားလည်ခြင်း | သင်ကြားရေးပြင်ပတွင် အားလုံးအကျုံးဝင်မှုကို ယေဘုယျအားဖြင့် ဖော်ထုတ်ခြင်း ဖြစ်ပါသည်။ သင်ယူမှုအတွက် ရည်ညွှန်းရန်နှင့် ဝေါဟာရအသစ်များ မှတ်သားရန် ဂျာနယ်ကိုမိတ်ဆက်ပေးသည်။ |
| ၁.၂. အားလုံးအကျုံးဝင်မှု အဓိပ္ပါယ်ဖွင့်ဆိုချက် | အဖြေဇယားကွက်ကို သင်ယူမှုဂျာနယ်အတွင်း ကူးရေးသင့်ပါသည်။ လုပ်ဆောင်ချက် ဒုတိယပိုင်းသည် အားလုံးအကျုံးဝင်မှုအတွက် အဓိပ္ပါယ်ဖွင့်ဆိုချက်ကို စဉ်းစားရန် ပထမ အခွင့်အရေး ဖြစ်ပါသည်။ တက်ရောက်သူများအကြား ပိုမိုတိကျသည့် ဖွင့်ဆိုချက်ရရှိနိုင်ရေး ဆွေးနွေးရန် အားပေးပါ။ |
| ၁.၃ တန်ဖိုးအထားခံရခြင်း | သင်တန်းသူ/သားတို့ ဘဝတွင် ၎င်းတို့၏ ပါဝင်ဆောင်ရွက်မှု၊ အောင်မြင်မှုကို တန်ဖိုး အထားခံရသည့် (ပညာရေးမဟုတ်သည့်) အဖြစ်အပျက်အကြောင်း တွေးကြပါစေ။ ၎င်းတို့ မည်ကဲ့သို့ ခံစားရပါသနည်း။ မည်သို့သက်ရောက်မှုရှိပါသနည်း။ |
| ၁.၄ အားလုံးအကျုံးဝင်မှု အရေးပါပုံ | သင်တန်းသူ/သားတို့မှ (ဖြစ်နိုင်လျှင် နှစ်ယောက်တွဲ )ဗီဒီယိုကြည့်ကာ အဓိက အချက်များ မှတ်သားကြပါစေ။ ဤလုပ်ဆောင်ချက်မှ အားလုံးအကျုံးဝင်မှု အတိုင်းအတာကိုပြသပေးပါသည်။ တက်ရောက်သူများမှ ဆွေးနွေးပြီး အဓိက အချက်များကို စိပ်ဖြာသုံးသပ်ကြပါစေ။ အဖြေကို သင်ယူမှုဂျာနယ်တွင် ရေးနိုင်ပါသည်။ |
| ၁.၅ အားလုံးအကျုံးဝင် ပညာရေးကျောင်း မည်သို့ ဖြစ်နိုင်ပါသနည်း | ဤလုပ်ဆောင်ချက်တွင် လက်တွေ့ဘဝ သာဓကများ ပါဝင်ပြီး အုပ်စုဖွဲ့ ရွေးထုတ်သည့်နည်းဖြင့် အကောင်းဆုံး အသုံးချနိုင်ပါသည်။ အားလုံးအကျုံးဝင်မှု၏ လက်တွေ့သဘောနှင့် ကျောင်းအဆင့်တွင် မည်ကဲ့သို့ ကျယ်ကျယ်ပြန့်ပြန့် သုံးနိုင်ကြောင်း စဉ်းစားကြပါမည်။ သင်တန်းသူ/သားများမှ တပည့်အသီးသီး၏ လိုအပ်ချက်အကြောင်း မိမိတို့ ကိုယ်ပိုင် အတွေး စတင်သုံးကြရန် လိုအပ်ပါသည်။ |
| ၁.၆ မိမိကောလိပ်တွင် အားလုံး အကျုံးဝင်မှု မည်မျှရှိပါသနည်း | သင်တန်းသူ/သားများမှ မိမိတို့၏ ပညာရေးကျောင်းနှင့် ၎င်းသည် အားလုံး အကျုံးဝင်မှု မည်မျှရှိကြောင်း ကျယ်ကျယ်ပြန့်ပြန့် ပြန်လှန်သုံးသပ်ပါစေ။ အဖြေကိုမှတ်သားပြီး မဝေမျှမီ ဆွေးနွေးချိန်ပေးပါ။ |

| | |
|---|---|
| ၁.၇ အားလုံးအကျုံးဝင်သည့် စာသင်ခန်း မည်သို့ဖြစ်နိုင်ပါသနည်း | ဤလုပ်ဆောင်ချက်တွင် သင်တန်းသူ/သားတို့၏ စာသင်ခန်း မည်မျှ အားလုံး အကျုံးဝင်မှု ရှိမရှိ ဦးတည်ထားပါသည်။ မိမိတို့စာသင်ခန်းပုံကြမ်းဆွဲပြီး အခန်း၏ ရုပ်ပိုင်းဆိုင်ရာ အင်္ဂါရပ်များအကြောင်း ဦးစွာ တွေးရပါမည်။ |
| ၁.၈ မိမိတို့၏ လက်ရှိ စာသင်ခန်းများ မည်မျှ အားလုံး အကျုံးဝင်မှု ရှိပါသနည်း | သင်တန်းသူ/သားများမှ မိမိတို့စာသင်ခန်း/အနေအထားအကြောင်း တွေးကြပါစေ။ မိမိတို့ အာရုံများကိုအသုံးချပြီး အမြင်၊ အကြား၊ ခံစားချက်များ ဖော်ထုတ်စေပြီး သင်ကြားသင်ယူရေးအပေါ် မည်သို့သက်ရောက်မှုရှိနိုင်ကြောင်း ပြန်လည်သုံးသပ်ကြ ပါစေ။ ဥပမာ ကလေးအားလုံး ဆရာ/မနှင့် သင်ပုန်းကို ကောင်းကောင်းမြင်ရပါသလား။ ကလေးအားလုံးအတွက် စာသင်ခန်းတွင် တက်ရောက်ရန်လွယ်ကူပါသလား။ အမြင် အကြားအာရုံချို့တဲ့သည့် ကလေးများသင်ယူနိုင်အောင် အသင့်တော်ဆုံး နေရာများတွင် ထိုင်ခိုင်းထားပါသလား။ အုပ်စုအရွယ်အစားကြောင့် ကလေးအားလုံး ပါဝင်ခွင့်ရပါ သလား။ တက်ရောက်သူများ၏ အစီအစဉ်နှင့် သုံးသပ်ချက်များကို အုပ်စုအတွင်း တင်ပြကြပါစေ။ |
| ၁.၉ မိမိစာသင်ခန်းအား တိုးတက်စေခြင်း | တင်ပြမှုအပြီး တိုးတက်မှုကို ဖော်ထုတ်ကြပါစေ (သို့) အချင်းချင်း အကြံပြုကြပါစေ။ စေ့စေ့စပ်စပ်နှင့် ကျယ်ကျယ်ပြန့်ပြန့် တွေးကြပါစေ။ |
| ၁.၁၀ အားလုံးအကျုံးဝင်စေမည့် ဆရာ/မ မည်ကဲ့သို့ ဖြစ်နိုင်ပါ သနည်း | ဆရာ/မတစ်ဦးချင်း၏ သဘောထား အရေးပါပုံနှင့် တပည့်များအပေါ်သက်ရောက်ပုံကို ဦးတည်လုပ်ဆောင်ပါ။ ယခင်လုပ်ဆောင်ချက်မှ မှတ်စုများ သုံးဖို့လိုအပ်ပါမည်။ ဖော်ရွေပြီး ဂရုလည်းစိုက်၊ ဝီရိယကောင်း၊ သဘောထားလည်းမှန်သည့် ဆရာ/မမှ အားလုံးအကျုံးဝင်မှု အလေ့အကျင့်ကို အောင်မြင်စွာ လုပ်ဆောင်နိုင်ပါသည်။ တက်ရောက်သူများက အထက်ပါ အလေ့အကျင့်ကို ၎င်းတို့သင်ကြားရေးတွင် မည်သို့ ပြသခဲ့ကြောင်း၊ သင်ကြားသင်ယူရေးအပေါ်မည်ကဲ့သို့ သက်ရောက်မှု ရှိခဲ့ကြောင်း သာဓကများဝေမျှကြပါစေ။ အားလုံးအကျုံးဝင်စေမည့် ဆရာ/မဖြစ်ရန် အရင်းအမြစ် မလိုအပ်ကြောင်း သင်တန်းသူ/သားများ နားလည်ကြပါစေ။ |
| ၁.၁၁ မိမိကိုယ်မိမိ စစ်ဆေး အကဲဖြတ်ခြင်း | ဂရုတစ်စိုက် စဉ်းစားရမည့် အဓိကလုပ်ဆောင်ချက်ဖြစ်ပါသည်။ သင်တန်းသူ/သား များက မေးခွန်းများဖြေဆိုပြီး ၎င်းတို့သင်ကြားရေး အလေ့အကျင့်ကို သုံးသပ်ကြ ပါစေ။ ၎င်းတို့ကိုယ်တိုင် ပေးထားသည့် အမှတ်များနှင့် ဆက်နွယ်သည့် ဥပမာဆောင် ခြင်းဖြင့် ဆက်လက်သုံးသပ်နိုင်ပါသည်။ အားလုံးအကျုံးဝင်စေမည့် အမူအကျင့်ကို ‘အခါခပ်သိမ်း’ နှင့် နီးစပ်လာစေရန် မည်သို့ပြောင်းလဲရန် လိုအပ်မည်ဖြစ်ကြောင်း ၎င်းတို့ကို မေးမြန်းပါ။ ပေးထားသည့်အမှတ်ကို လုပ်ဖော်ကိုင်ဖက်များနှင့် ဆွေးနွေးရန် အချိန်အနည်းငယ်ပေးလျှင် ပိုမိုအဆင်ပြေနိုင်ပါမည်။ သင်ရိုးပိုင်းနောက်ဆုံး ပေးရမည့် ကတိတစ်ခုကို ရွေးချယ်စေသည့်အခါ ဤလုပ်ဆောင်ချက်မှ အထောက်အကူ ဖြစ်စေ နိုင်ပါမည်။ |

| | |
|---|---|
| ၁.၁၂ သင် မည်မျှ အားလုံး အကျုံးဝင်မှု ရှိပါသနည်း | ဤလုပ်ဆောင်ချက်သည်  လုပ်ဆောင်ချက် ၁.၁၁ အတွက် အဖြေများကို သုံးထားပြီး သင်တန်းသူ/သားများက ၎င်းတို့၏ အားလုံးအကျုံးဝင်မှု အလေ့အကျင့်ကို ခွဲခြမ်းစိပ်ဖြာသုံးသပ်ချက် အတိုတစ်ခု ရေးသားကြပါစေ။ |
| နိဂုံး | သင်ရိုးပိုင်းနှင့် အဓိကအချက်များ ပြန်လည်စုစည်းခိုင်မာစေခြင်း - လုပ်ဆောင်ချက်မရှိပါ |
| သင်ရိုးပိုင်း ၁ - အဆုံးသတ် ပဟေဠိ | အဖြေမှန်ရွေးရသည့် မေးခွန်းလွှာဖြစ်ပြီး သင်တန်းသူ/သားများမှ သင်ရိုးပိုင်းအပေါ် မည်မျှနားလည်ကြောင်း စစ်ဆေးပါသည်။ မိမိကိုယ်မိမိ စစ်ဆေးရန်အားပေးပြီး ရာနှုန်းပြည့် အဖြေမှန်ရန် မိမိတို့၏အဖြေများကို လိုအပ်သလို ကြိမ်ဖန်များစွာ ပြန်ကြည့်ကြပါစေ။ |
| သင်ရိုးပိုင်း ၁ - အဆုံးသတ် ပဟေဠိ အဖြေ | အဖြေရာနှုန်းပြည့်မှန်စေရန် သင်တန်းသူ/သားများ မေးခွန်းများကို ပြန်ကြည့်သင့် ပါသည်။ အချို့မေးခွန်းများ အဖြေတစ်ခုထက်ပိုရှိနိုင်ကြောင်း သတိပေးပါ။ |
| ၁.၁၃ မိမိကိုယ်တိုင် သင်ကြားရေး အလေ့အကျင့်ကို တိုးတက်စေခြင်း | ဤလုပ်ဆောင်ချက်မှ သင်တန်းသူ/သားများ စဉ်းစားစရာ အခင်းအကျင်းတစ်ခု ချပေးပါသည်။ ဌာနမှူးမေးသည့် မေးခွန်းကို ယခင်လေ့လာထားသည့် အသိပညာကို အသုံးချလျက် တုံ့ပြန်သည့်အလား ဖြေဆိုစေပါမည်။ သဏ္ဍာန်တူ သရုပ်ဆောင်(role play)ပြီး အုပ်စုတွင်း အတွေ့အကြုံများ ဝေမျှကြပါစေ။ ဖြေကြားစဉ် မည်မျှ မိမိကိုယ် မိမိ ယုံကြည်စိတ်ချကြောင်း မေးမြန်းပါ။ သင်ယူမှုဂျာနယ်တွင်း မှတ်စုရေးကြပါစေ။ |
| ၁.၁၄ မိမိကိုယ်မိမိ စစ်ဆေးအကဲဖြတ်မှု - ၂ | ဒုတိယစစ်ဆေးအကဲဖြတ်မှုကို ပထမစစ်ဆေးအကဲဖြတ်မှုအတိုင်း လုပ်ခြင်း ဖြစ်ပါသည်။ သင်တန်းသူ/သားတို့ မိမိကိုယ်မိမိ မည်မျှယုံကြည်မှုရှိကြောင်း ပြန်လည် သုံးသပ်ပြီး အမှတ်ကွာဟချက်များ ဆွေးနွေးကြပါစေ။ |
| ကတိပေးခြင်း | သင်ရိုးပိုင်း ၁ မှ သင်တန်းသူ/သားများ တတ်မြောက်သွားသည့် အချက်တစ်ချက်ကို တွေးစေပြီး ၎င်းတို့ မည်သို့တိုးတက်လာမည်ဖြစ်ကြောင်း ကျောင်းသူ/သားများအား ကတိကဝတ်ပြုကြပါစေ။ ထိုကတိအား သုံးသပ်အကဲဖြတ်စေပြီး (သီတင်းပတ် --- ပတ်ပြီးနောက်) ပြောင်းလဲမှုများ အသိအမှတ်ပြုပါ။ ပြောင်းလဲမှုမှ သင်ကြား သင်ယူရေးအပေါ် သက်ရောက်မှုနှင့် မည်သို့ဆက်လက်တိုးတက်စေမည်ဖြစ်ကြောင်း ပြန်လည်သုံးသပ်ကြပါစေ။ ဤအချက်သည် သုတေသန စက်ဝန်း၏ အစကို ထင်ဟပ်ပြီး နောက်သင်ရိုးပိုင်းများတွင် စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုအတွက် လုပ်ငန်း အစီအစဉ်တစ်ရပ် ဖန်တီးစေနိုင်ပါမည်။ |

## ၅.၃ သင်ရိုးပိုင်း ၁- အဆုံးသတ်ပဟေဠိ - အဖြေများ

သင်တန်းသူ/သားများ မေးခွန်းကို ရာနှုန်းပြည့် အောင်မြင်ရန် ကြိုက်သလောက် အကြိမ်ရေများများ ဖြေဆိုနိုင်ပါသည်။ ယုံကြည်စိတ်ချစေနိုင်မည့် အခွင့်အလမ်းကို ပေးစွမ်းနိုင်ပါမည်။ **(အဖြေကို စာလုံးမည်းဖြင့် ပေးထားသည်)**

မေးခွန်း ၁ - အားလုံးအကျုံးဝင်မှုဆိုသည်မှာ ---

က. မသန်မစွမ်းကလေးများကို သင်ကြားမှုအကြောင်း တွေးခြင်းသာဖြစ်သည်

**ခ. မည်မျှခြားနားသည်ဖြစ်စေ ကလေးအားလုံး အတူတကွ သင်ယူပြီး တိုးတက်ဖွံ့ဖြိုးစေနိုင်မည့် ဖြစ်စဉ်တစ်ရပ်ဖြစ်ပါသည်**

မေးခွန်း ၂ - အားလုံးအကျုံးဝင်မှုမှာ ကလေးတိုင်း၏ --------------- ကိုတန်ဖိုးထားသည့်အခါ ရရှိနိုင်သည်

က. တက်ရောက်မှု၊ လုပ်ဆောင်မှုနှင့် စွမ်းဆောင်ရည်

ခ. တိုးတက်မှု၊ ပါဝင်မှုနှင့် စွမ်းဆောင်ရည်

**ဂ. တက်ရောက်မှု၊ ပါဝင်မှုနှင့် အောင်မြင်မှု**

ဃ. ပုဂ္ဂိုလ်ရည်၊ တိုးတက်မှုနှင့် အောင်မြင်မှု

မေးခွန်း ၃ - အားလုံးအကျုံးဝင်မှုအတွက် အကြီးမားဆုံးအတားအဆီးမှာ -------- ဖြစ်ပါသည် (နှစ်ခုရွေးပါ)

**က. ကလေးတို့၏အခက်အခဲသည် သင်ယူမှုကို ရပ်တန့်စေသည်ဟု မိမိတို့ထင်မြင်လျှင်**

ခ. မျက်မမြင်ခြင်းကဲ့သို့ ရုပ်ပိုင်းဆိုင်ရာ မတူခြားနားလျှင်

ဂ. ကလေးတစ်ယောက်က နွမ်းပါးသည့် မိသားစုမှ လာပြီး အလုပ်လုပ်ရလျှင်

**ဃ. ကလေးတစ်ယောက် မပါဝင်နိုင်အောင် သင်ယူမှုဝန်းကျင်ကို ခက်ခဲအောင်လုပ်ထားလျှင်**

မေးခွန်း ၄- အောက်ပါတို့တွင် မည်သည်က အားလုံးအကျုံးဝင်သည့် ကျောင်း၏အင်္ဂါများ ဖြစ်ပါသနည်း (နှစ်ခုရွေးပါ)

က. မသန်မစွမ်းမှုများအတွက် အထူးပြုဆရာ/မ

**ခ. လူတိုင်းသည် မိမိတို့အားလက်ခံသည်ဟု ခံစားရသည်**

**ဂ. ကလေးများကို ညီတူညီမျှ တန်ဖိုးထားသည်**

ဃ. သင်ယူမှုအတွက် ကွန်ပျူတာများ ရနိုင်သည်

မေးခွန်း ၅- အောက်ပါတို့တွင် မည်သည်က အားလုံးအကျုံးဝင်သည့် ကျောင်း၏အင်္ဂါများ ဖြစ်ပါသနည်း (နှစ်ခုရွေးပါ)

**က. သင်ခန်းစာများက ကလေးအားလုံး ပါဝင်ရန် အားပေးသည်**

ခ. ကလေးတိုင်း ဖတ်စာအုပ်ရှိသည်

**ဂ. ကလေးအားလုံးကို ထည့်သွင်းစဉ်းစားပြီး သင်ကြားရေးကို စီစဉ်သည်**

ဃ. အတန်းတွင်း ကလေး ၃၀ အောက်သာရှိသည်